မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA)
နှင့် မြန်မာနိုင်ငံ စက်မှုလက်မှုနှင့်
ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများ
အဖွဲ့ချုပ် (MICS-TUsF) တို့၏

MICS-TUsF

## " ပူးတွဲကြေငြာချက် "

ရက်စွဲ။ ။ ၂၀၁၇ ခုနှစ် မေလ (၂၇)ရက်

၁။ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) နှင့် မြန်မာနိုင်ငံ စက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (MICS-TUsF) တို့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအကျိုးငှာ ယခု ပူးတွဲစာကို ထုတ်ပြန်ပါသည်။

၂။ အလုပ်ရှင် နှင့် အလုပ်သမားများအကြား လုပ်ငန်းခွင်ဆက်ဆံရေး (Industrial Relations) မြှင့်တင်နိုင်ရန်အတွက် အစွမ်းကုန်ပူးပေါင်း ဆောင်ရွက်ကြရန် သဘောတူကြပါသည်။

၃။ ဘေးအန္တရာယ်ကင်းရှင်းသော လုပ်ငန်းခွင်များ ဖော်ဆောင်ရာတွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူကြပါသည်။

၄။ ကုန်ထုတ်လုပ်မှု တိုးတက်စေရေးအတွက် အလုပ်ရှင် နှင့် အလုပ်သမား နှစ်ဦးနှစ်ဘက် ပူးပေါင်းညှိနှိုင်း လက်တွဲ ဆောင်ရွက်သွားကြရန် သဘောတူကြပါသည်။

၅။ အလုပ်ရှင် နှင့် အလုပ်သမားများအကြား ပွင့်လင်းမြင်သာ၍ ရင်းနှီးနွေးထွေးသည့် ဆက်ဆံရေးတစ်ရပ်ကို ရှင်သန်ကြီးထွားအောင် တိုးမြှင့်တည်ဆောက်ကြရန် သဘောတူကြပါသည်။

(မြင့်စိုး)
ဥက္ကဋ္ဌ
မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း

-------------------------

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း
(MGMA)

ဥက္ကဋ္ဌ
မြန်မာနိုင်ငံစက်မှုလက်မှုနှင့်
ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ
အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်

-------------------------

မြန်မာနိုင်ငံစက်မှုလက်မှုနှင့်ဝန်ဆောင်မှု
လုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ်
(MICS-TUsF)